+ ၂၀၀၈
နိုဝင်ဘာလ
၂၄ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးတင်အေးနှင့်
ဦးသက်ထွန်းတို့၏ရှေ့တွင်

ဝင်းဘိုပါ ၃
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုမြောက်ရန် လိုအပ်ချက်- လယ်ယာမြေကို တူးဖော်လိုက်သဖြင့် မည်သည့်တောင်သူကိုမျှ ရေပေးဝေရေးမထိခိုက်ကြောင်း ပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူမှုမပြုနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူနိုင်ရန်မှာ တရားခံသည် လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိ တိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ သန့်ရှင်းရေးကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စတစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးကို လျော့ပေါ့စေမည်ဟု သိလျက်နှင့် အကျိုးဖျက်ဆီးမှုကို ပြုလုပ်မှသာ ဤပုဒ်မအရ

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၇။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂၄(ခ) တွင် ချမှတ်သော ၂၈-၁၂-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

အရေးယူနိုင်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးထိန်လင်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

အမရပူရမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၈၀/၂၀၀၇ တွင် ၁။ တရားခံ ဦးခင်မောင်၊ ၂။ တရားခံ ဦးညိုမောင် တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ငွေဒဏ်ကျပ်တစ်သောင်းစီပေးဆောင်စေရန်နှင့် ၃။ တရားခံကျော်ကျော်လှိုင်၊ ၄။ တရားခံ အောင်မင်းသန်း၊ ၅။ တရားခံ ဝင်းဘိုတို့အပေါ် ယင်းဥပဒေပုဒ်မ ၄၃၀ အရ ထောင်ဒဏ် (၃) နှစ်စီ ချမှတ်ခဲ့သည်။ တရားခံ ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့က ယင်းအမိန့်ကို မကျေနပ်၍ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၈၁/၂၀၀၇ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ ပလပ်ခြင်းခံရသည်။ ယင်းအမိန့်ကိုမကျေနပ်၍ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၅/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂၄ (ခ)/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ တရားခံ ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားတွေ့ရှိသည့်အမိန့်ကို အတည်ပြုပြီး ထောင်ဒဏ် (၃) နှစ်အစား ထောင်ဒဏ် (၂) နှစ်စီ ကျခံစေရန်

ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဝင်းဘိုပါ (၃) ဦးမှ မကျေနပ်၍ အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၃၈/၂၀၀၈ ဖြင့် လျှောက်ထားခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံ ခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " အမှုတွဲတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်မှုရှိ မရှိ။"

အမှုမှာ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်းနှင့်အဖွဲ့သည် အမရပူရမြို့နယ်၊ ဒေါင်းရွှေကျေးရွာအုပ်စု၊ မယ်တော်စုကျေးရွာ၊ ကွင်းအမှတ် (၅၆၈) ကွင်းမှ မြေများကို မြေသယ်ကားကြီးများနှင့် သယ်ယူနေကြောင်း သတင်းအရ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ တောင်သူ ဦးခင်မောင်နှင့် ဦးညိုမောင်တို့ထံမှ မြေများကို ကားတစ်စီးလျှင် တစ်ခေါက် (၅၀၀ိ/-) နှုန်းဖြင့် အခကြေးငွေပေး၍ သယ်ယူနေသည့် ယာဉ်မောင်း ကျော်ကျော်လှိုင် မောင်းနှင်သည့် ဟီးနိုးကားယာဉ် အမှတ်၊ ၈/၉၂၁၃၊ ယာဉ်မောင်း ဝင်းဘို မောင်းနှင်သည့် ဒေါ့ဂျစ် ယာဉ်အမှတ်၊ ဆ/၈၃၄၅ နှင့် ယာဉ်မောင်း အောင်မင်းသန်း မောင်းနှင်သည့် ထော်လာဂျီယာဉ်အမှတ်၊ ဂ၅/၄၅၂၆ တို့အား တွေ့ရှိရသဖြင့် မြေရောင်းချသူ ဦးခင်မောင်နှင့် ဦးညိုမောင်၊ မြေသယ် ယူသူ ကျော်ကျော်လှိုင်၊ အောင်မင်းသန်းနှင့် ဝင်းဘိုတို့အား အရေးယူပေးပါရန် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးလှသိန်းကို (မြေတိုင်းစာရေး) က မြစ်ငယ်ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြား ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလိုနှင့် တရားလို

ပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ မူလရုံးတရားခံ (အယူခံတရားလိုများ) တို့၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုမြောက်စေသော ပြုလုပ်မှုရှိသည်ဟု ကောက်ယူနိုင်သည့် အထောက်အထားမရှိကြောင်း၊ အယူခံတရားလိုများသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ ကို တစ်နည်းနည်းဖြင့်ချိုးဖောက်၍ ပြစ်မှုမြောက်စေသည့်လုပ်ရပ်ရှိသည်ဟု မပေါ်ပေါက်ကြောင်းနှင့် မူလတရားရုံးက မူလရုံးတရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့သည် မှန်ကန်မှုမရှိသဖြင့် ယင်းအမိန့်များကိုပယ်ဖျက်ကာ အယူခံတရားလိုများ (မူလရုံးတရားခံများ) အား အမှုမှအပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ လယ်ပိုင်ရှင် ဦးခင်မောင်နှင့် ဦးညိုမောင်တို့က ၎င်းတို့၏လယ်မြေမှ မြေများကိုနုတ်၍ ကားသမားများဖြစ်ကြသော ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အားရောင်းချရာ ကျော်ကျော်လှိုင်၊ အောင်မင်းသန်းနှင့် ဝင်းဘိုတို့က ကားများဖြင့်မြေများကို သယ်ယူခဲ့ကြသည်ဟု အငြင်းမပွားပေါ်ပေါက်ကြောင်း၊ ယင်းသို့ပြုလုပ်မှုကြောင့် လယ်ယာမြေမှ အပေါ်ယံမြေဆီမြေနှစ်များမရှိ၍ မိုးစပါးနှုန်းအထွက်မပြည့်မီခြင်း၊ အနီးအနားမှလယ်မြေများ ရေရရှိမှုလျော့ပါးခြင်း၊ လမ်းများပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းပေါ်ပေါက်သဖြင့် မူလရုံးက တရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် ယင်းအမိန့်အား အဆင့်ဆင့်အတည်ပြုခဲ့ကြသည့် တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သဖြင့် ဤအထူးအယူခံမှုအား ပလပ်သင့်ကြောင်း လျှောက်လဲ

သည်။

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ အမရပူရမြို့နယ်၊ ဒေါင်းရွှေးကျေးရွာအုပ်စု၊ မယ်တော်စုကျေးရွာ (၅၆၈) ကွင်းမှ လယ်မြေများကို လယ်ပိုင်ရှင် ဦးခင်မောင် (ခံပြ-၁) နှင့် ဦးညိုမောင် (ခံပြ-၂) တို့သည် ကားတစ်ခေါက်လျှင် ငွေကျပ် ၅၀ဝိ/- နှုန်းရယူပြီး ယာဉ်မောင်း ကျော်ကျော်လှိုင် (ခံပြ-၃)၊ ယာဉ်မောင်း အောင်မင်းသန်း (ခံပြ-၄) နှင့် ယာဉ်မောင်း ဝင်းဘို (ခံပြ-၅) တို့ထံ ရောင်းချခဲ့ကြောင်းပေါ်ပေါက်ပါသည်။ ထိုသို့ လယ်မြေများကို တရားခံတောင်သူ ၂ ဦးက တူးဖော်ရောင်းချရာတွင် မြေ ၈ လက်မခန့်ထိ တူးဖော်ခဲ့ကြောင်းပေါ်ပေါက်သည်။ တရားလိုပြ သက်သေ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်း (လိုပြ-၆) နှင့် အမရပူရမြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ မြေတိုင်း (၄) ဦးလှသိန်းကို (လိုပြ-၁) တို့အား တရားခံများက ပြန်လှန်စစ်မေးရာတွင် လယ်ပိုင်ရှင် ဦးခင်မောင်နှင့် ဦးညိုမောင်တို့၏ လယ်မြေများသည် ကုန်းမြင့်လယ်ဖြစ်၍ နွေစပါး စိုက်၍မရကြောင်း၊ မြေကိုတူးဖော်လိုက်သဖြင့် မြေနိမ့်သွားပြီး နွေစပါးများ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဦးညိုမောင်နှင့် ဦးခင်မောင်တို့၏ လယ်မြေများကို တူးဖော်နှိမ့်လိုက်သဖြင့် မည်သည့်တောင်သူကိုမျှ ရေပေးဝေရေးမထိခိုက်ကြောင်း ပေါ်ပေါက်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> မည်သူမဆို လယ်ယာလုပ်ကိုင်ခြင်းကိစ္စအတွက်ဖြစ်စေ၊ လူများ၊ သို့တည်းမဟုတ် ပိုင်ရှင်ရှိတိရစ္ဆာန်များ စားသောက်ခြင်း ကိစ္စအတွက်ဖြစ်စေ၊ သန့်ရှင်းရေးအတွက်ဖြစ်စေ၊ ကုန်ထုတ် လုပ်ငန်းအတွက်ဖြစ်စေ၊ ရေရရှိရေးလျော့ပါးစေသော ပြု

၂၀၀၈
ဝင်းဘိုပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လုပ်မှုကို သို့မဟုတ် ထိုသို့လျော့ပါးစေတန်ရာသည်ကို မိမိသိသော ပြုလုပ်မှုကိုပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင်၊ ထိုသူကို ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူနိုင်ရန်မှာ တရားခံသည် လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိတိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ သန့်ရှင်းရေးကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စ တစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးကို လျော့ပါးစေမည်ဟုသိလျက်နှင့် အကျိုးဖျက်ဆီးမှုကိုပြုလုပ်မှသာ ဤပုဒ်မအရ အရေးယူနိုင်မည် ဖြစ်သည်။

ဤအမှုတွင် တရားခံများ၏ပြုလုပ်မှုကြောင့် လယ်ယာလုပ်ငန်းကိစ္စတွင် ရေရရှိရေးကို လျော့ပါးစေသည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ မူလရုံးတရားခံများအပေါ် ပြစ်မှုထင်ရှားစီရင်ရန် သက်သေခံအထောက်အထားတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရသည်။

" ခိုင်လုံသောသက်သေခံ အထောက်အထားပြရန်မှာ တရားလို၏တာဝန်သာဖြစ်သည်။ တရားလိုပြသက်သေထွက်ချက်များအရ ပြစ်မှုထင်ရှားစေသော သက်သေခံအထောက်အထားမရှိသဖြင့် စွဲချက်တင်ပြီး ပြစ်မှုထင်ရှားစီရင်လျက် ပြစ်ဒဏ်ပေးလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်" ဟု **ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] တွင် လမ်းညွှန်းဆုံးဖြတ်ထားသည်။

သို့ဖြစ်၍ အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ

(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆

၂၀၀၈
ဝင်းဘိုပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း ဖြေဆိုသည်။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ တရားရုံးအဆင့်ဆင့်က အယူခံတရားလိုများဖြစ်ကြသည့် ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။